# ဘုရားသခင်၏ ပညာရည်မှတ်တမ်းအကျဉ်း

By Gene Richards



## ဘုရား

"မည်သူမျှ ထို့ထက်ကောင်းအောင် မလုပ်နိုင်"

နေရာတိုင်းမှာ

နေရာအနှံ့အပြား ၀၀၀၀၀

ဖုန်း (၁၂၃) ၄၅၆ – ခေါ်တောင်းပါ

သင့်ကိုသင် သခင်ဘုရားထံ အပ်နှံပါ။ သင်လုပ်နိုင်သည်ထက် သူသည် သင်နှင့်အတူ ပို၍ လုပ်ဆောင်နိုင်သည်။

လူတစ်ယောက်၏ စွမ်းအားဆိုင်ရာ ကြီးမြတ်ခြင်းက သူ၏ ဖန်ဆင်းရှင်အား သူအညွှံ့ခံ အရှုံးပေးသည့်အတိုင်းအတာပင်ဖြစ်သည်။

သင်မည်သူမည်ဝါဖြစ်သည်၊ သင်ကဘာဖြစ်သည် ဆိုသည့်အချက်များက အရေးမကြီး။ သို့သော် သင့်ကို ဘုရားသခင်က ထိန်းချုပ်ထားခြင်း ရှိမရှိ ဆိုသည်က အရေးကြီးသည်။

မိမိကိုယ်ကို ဘုရားသခင်ထံ ပေးဆပ်သောသူသည် ဘယ်သောအခါမျှ ဘုရားသခင်၏ စွန့်ပစ်ခြင်းကို မခံရပါ။

အားလုံးထဲမှ အတော်ဆုံးမန်နေဂျာက သူသည် သူ၏အလုပ်၌ အဘယ်ကြောင့် သိပ်တော်ရသည့်အကြောင်း ကျွန်ုပ်တို့အား ပြောပြပါသည်။

**သက်ဆိုင်သူသို့**

သင့်ဘ၀ကို စီမံခန့်ခွဲရန် တစ်စုံတစ်ဦးကို သင်ရှာဖွေနေကြောင်း ကျွန်ုပ်ကြားသိရပါသည်။ ကျွန်ုပ်သည် ဤအလုပ်ကို လျှောက်လိုပါသည်။

ဤဘ၀ မန်နေဂျာ ရာထူးအတွက် ကျွန်ုပ်သည် အရည်အချင်း အပြည့်မီဆုံး လျှောက်ထားသူဖြစ်ကြောင်း ကျွန်ုပ် ယုံကြည်ပါသည်။ အကယ်စင်စစ် ကျွန်ုပ်သည် ဤအလုပ်ကို အောင်မြင်စွာ လုပ်ဆောင်ခဲ့သော တစ်ဦးတည်းသောသူ ဖြစ်ပါသည်။

ကျွန်ုပ်သည် လူသားများ၏ ပထမဆုံး မန်နေဂျာ ဖြစ်ခဲ့ပါသည်။ အမှန်တကယ်ပြောရမည်ဆိုလျှင် ကျွန်ုပ်သည် သူတို့ကို ဖန်ဆင်းခဲ့ပါသည်။ ထို့ကြောင့် သူတို့ မည်သို့ အလုပ်လုပ်ကြသည်ဆိုခြင်းနှင့် သူတို့အမြင့်မားဆုံး ကျွမ်းကျင်မှုဖြင့် အပျော်ရွှင်ဆုံး အဆင့်၌ အလုပ်လုပ် နိုင်ရန် ဘာလိုအပ်သည်ကို ကျွန်ုပ်သည် အလိုအလျောက် သိပါသည်။ ယင်းမှာ ကုန်ထုတ်လုပ်သူတစ်ဦးကို သင်၏ ကိုယ်ပိုင်စက်ပြင်ဆရာအဖြစ် ပိုင်ဆိုင်ရခြင်းနှင့် တူပါလိမ့်မည်။

အကယ်၍ ဤအကြိမ်သည် သင့်အတွက် ကျွန်ုပ်၏ တာ၀န်ထမ်းဆောင်မှုနှင့် ပတ်သက်၍ စဉ်းစားရာတွင် ပထမဆုံးအကြိမ်ဖြစ်မည်ဆိုလျှင် ကျွန်ုပ်၏လစာကို ကရာနီကုန်းတွင် ကျွန်ုပ်၏သားတော်ယေရှု၏ အသွေးဖြင့် ပေးချေပြီးဖြစ်ကြောင်းကို သင့်အားဖော်ပြလိုပါသည်။ ကျွန်ုပ်သင့်ထံမှ လိုအပ်သည်မှာ ဤအဖိုးအခသည် သင်၏ အပြစ်အားလုံးအတွက် ပေးချေရန် လုံလောက်သည်ဆိုခြင်းနှင့် ကျွန်ုပ်ထံမှ လွတ်မြောက်ခြင်းအခွင့် ရရှိသည်ကို အသိအမှတ်ပြုရန်ဖြစ်သည်။

နောက်ထပ် ကျွန်ုပ်တောင်းဆိုလိုသည်မှာ သင့်ဘ၀၌ မားယွင်းနေသည့်အရာများအား ပြင်ဆင်ခွင့်ကို သင့်ထံမှ ရရှိရေးပင် ဖြစ်သည်။ သို့မှသာ ကျွန်ုပ်သင့်အတွက် ဖန်ဆင်းထားသော ပြည့်ဝသည့်အသက်တာကို သင်တွေ့ကြုံခံစားရမည်ဖြစ်သည်။ အမှန်စင်စစ် သင်သည် ကြီးမားသောပြောင်းလဲမှုနှင့် ပြင်ဆင်မှုများကို တွေ့ကြုံရန် မျှော်လင့်ထားနိုင်ပါသည်။ သို့သော် ထိုအတွက် စိုးရိမ်စရာမလိုပါ။ လိုအပ်သည့် ပြောင်းလဲခြင်းများကို ကျွန်ုပ်၏ နည်းလမ်းနှင့် အချိန်အတိုင်း ပြုလုပ်သွားပါမည်။ အခြားသတင်းကောင်းတစ်ခုမှာ ကျွန်ုပ်သည် သင်၏ အလိုဆန္ဒကို ပြောင်းလဲပေးပြီး သင့်အား ပို၍ ကောင်းမွန်လာစေဖို့ ဤပြောင်းလဲပေးခြင်းကို ခံရပ်နိုင်ရန် သတ္တိနှင့် စိတ်ဓာတ်ကို ပေးပါမည်။

ကျေးဇူးပြု၍ ကျွန်ုပ်၏ လုပ်ဆောင်ချက်များတွင် ဝင်မရှုပ်ပါနှင့်။ ကျွန်ုပ်ကို ကူညီရန်နှင့် ဆန့်ကျင်ရန် မကြိုးစားပါနှင့်။ အမှန်တကယ် လိုအပ်သည့်အရာမှာ သင်၏ အပြည့်အဝ ဝန်ခံကတိပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါသည်။ သင် ဤအရာများကို ကျွန်ုပ်အား ပေးမည်ဆိုလျှင် လုပ်ငန်းစဉ်သည် နှောင့်နှေးမှုမရှိဘဲ ချောမွေ့လာမည်ဖြစ်သည်။ သင်စိတ်ပျက်ရမည်မဟုတ်ပါ။

ရိုးသားစွာဖြင့်

ဘုရားသခင်

**P.S.** ကျွန်ုပ် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားကို သင်ကြည့်လိုလျှင် ကောင်းကင်နှင့်မြေကြီးကို ကျွန်ုပ် ဖန်ဆင်းခဲ့ပါသည်။